
ဘာသာပြန် စာရေးဆရာ - Dr – Panda
ဓားတန်ခိုးရှင်၏ ဒဏ္ဍာရီ
ပိုးအိမ်ကိုဖောက်ထွက်၍ လိပ်ပြာဖြစ်လာခြင်း
စာစဉ် ၆

# Chapter 1

## (ရေအောက်နန်းတော်က နန်းဆောင်လေးခု)

အင်မတန်မှ ခန့်ညားကြီးမားလှတဲ့ နန်းတော် ခန်းမကြီးဟာ အချိန်မရေမတွက်နိုင်အောင် ကြာမြင့်ခဲ့တာတောင်မှ မပြောင်းမလဲ တည်ရှိနေပါသေးတယ်။ အင်မတန်မှ ကြီးမားလှတဲ့ ဝတ်ပြုထိုင်ဖုံကြီးတွေက အခန်းထဲမှာ ပုံမပျက် စနစ်တကျ နေရာချထားပါတယ်။ ကျွဲအိုကြီးက ရုတ်တရက် ပေါ်လာတဲ့ နင်ကို ကြည့်ပါတယ်။

"ခန်းမကြီးပဲ"

နင်က ပတ်ဝန်းကျင်ကို ကြည့်ပြီး ရေရွတ်လိုက်ပါတယ်။

"ဂုဏ်ယူပါတယ်၊ နှစ်နည်းနည်းပဲ ကြာသေးပေမဲ့ မင်း ဇီဖူဖြစ်သွားပြီပဲ။ ငါ ခန့်မှန်းတာထက်တောင် အများကြီး မြန်သေးတယ် "

နင်ကတော့ နှင်းနဂါးတောင် ကိစ္စကို စိတ်ပူနေလို့ မပျော်ရွှင်နိုင်ပါဘူး။

"ကျွန်တော် ကံကောင်းခဲ့လို့ ပါ"

"မင်း ပထမ စမ်းသပ်မှု ၃ခုကို ကျော်ဖြတ်ခဲ့နိုင်ခဲ့တာဟာ ကံကောင်း

တာ တစ်ခုတည်းကြောင့် မဟုတ်ပါဘူး"

ကွဲအိုကြီးက သက်ပြင်းချ လိုက်ပါတယ်။

"မင်း အခုလည်ဆွဲကို ချည်နှောင် ပေါင်းစည်းထားနိုင် သွားပြီမို့လို့ ဒီနန်းတော်ရဲ့ အရေးကြီးတဲ့ နေရာတွေကို မင်း သွားခွင့်ရသွားပြီလေ။ မင်းရဲ့ အစွမ်းတွေ အခုအချိန်ကပြီး အဆမျှား စွာ တိုးတက်လာတော့မှာ ။ ဂျိနင် မင်းဟာ တော်ဝင် ရှုအင်ပါယာရဲ့ လျှမ်းလျှမ်းတောက်ကျော်ကြားမဲ့ တန်ခိုးရှင်တစ်ယောက် ဖြစ်လာမယ်လို့ ငါ မြင်နေမိတယ်"

နင် ဆွံ့အသွားပါတယ်။ ရတနာရဲ့ ဝိညာဉ်က ဒီလို ဖားပြီး ပြောတတ်မယ်လို့ သူမထင်မိပါဘူး။

"ငါ လိမ်ပြောနေတာ မဟုတ်ဘူး နော်။ အင်မော်တယ် ဂျူဟွာ တပည့်လက်ခံမယ် ကြေညာတုန်းက တော်ဝင်ရှုအင်ပါယာ တစ်ခုလုံး အုန်းအုန်းကျွက်ကျွက် ဖြစ်သွားခဲ့တယ်။ သူတို့ သာ အင်မော်တယ် ဂျူဟွာက တတိယ နန်းတော်ရှင် ဆိုတာကို သိသွားရင် ကမ္ဘာတစ်ခုလုံး မုန်တိုင်းထန်သွားမှာ သေချာတယ်"

"ဒီရေအောက်နန်းတော်က ဘာများ ထူးခြားနေလို့ လဲ"

နင်က မြန်မြန် မေးလိုက်ပါတယ်။

နင် အတွက်တော့ လောလောဆယ် အစွမ်းတွေ တိုးလာဖို့ လိုအပ်နေပါတယ်။ ဒါမှ လာမဲ့ တိုက်ပွဲမှာ သူနိုင်နိုင်မှာ ပါ။

"ရေအောက်နန်းတော်မှာ လျှို့ဝှက်ချက်တွေ အများကြီးရှိတယ်။ အင်မော်တယ် ဂျူဟွာနဲ့ ငါတို့ ဒီမှာ အချိန်အကြာကြီး နေခဲ့ကြတာ။ ငါထင်တာ မမှားဘူး ဆိုရင်တော့ ဒီနန်းတော်ရှင်က အနာဂတ် ဖင်းဂေါ့ မျိုးဆက်သစ်တွေ ဆက်ပြီး လေ့ကျင့်နိုင်ဖို့ ဖန်တီးထားခဲ့တာပဲ"

"အနာဂတ် ဖင်းဂေါ့ မျိုးဆက်သစ်တွေ..."

နင် အံ့သြသွားပါတယ်။

"ဟုတ်တယ်၊ ရေအောက်နန်းတော်ရဲ့ ပထမဆုံး နန်းတော်ရှင်က အင်မတန်မှ ကို အစွမ်းထက်တဲ့ ဖင်းဂေါ့တစ်ယောက်ပဲ၊ မင်းနန်းတော်ထဲက ဝတ်ပြုထိုင်ဖုံ အရွယ်အစားကို ကြည့်ရင် သိမှာ ပါ၊ ပြောရရင် ဖင်းဂေါ့တော်တော်များများက ဒီဝတ်ပြုဖုံတွေမှာ ထိုင်ခဲ့ပြီးတော့ သူ့အမိန့်ကို နာခံဖို့ စောင့်စားနေခဲ့သလို  သူတရားပြတာကိုလည်း နားထောင် လေ့ကျင့်ခဲ့ကြတယ်"

နင် ဝတ်ပြုဖုံကြီးတွေကို ကြည့်ပြီးတော့ ခေါင်းညိတ်မိပါတယ်။

"ပထမ နန်းတော်ရှင်က တပည့်လက်ခံဖို့ လျှောက်လမ်း နှစ်လမ်း လုပ်ခဲ့တယ်၊ ဇင်တျန် အတွက် တစ်လမ်း၊ ဇီဖူအတွက် တစ်လမ်း၊ သာမန် ဖင်းဂေါ့ကျင့်စဉ် ကျင့်ထားသူတွေအတွက် ဖြတ်သန်းဖို့ မဖြစ်နိုင်ဘူး၊ တကယ့် ဖင်းဂေါ့ ခန္ဓာကိုယ်လိုမျိုး အရည်အသွေးရှိတဲ့ ခန္ဓာကိုယ် ရှိမှသာ ဒီလျှောက်လမ်းတွေကို အောင်အောင်မြင်မြင် ဖြတ်သွားနိုင်မှာ ပါ"

နင် ခေါင်းညိတ်လိုက်မိပါတယ်။

သူ့ရဲ့ ခန္ဓာကိုယ်ကလည်း ကောင်းကင်က ဆင်းသက်လာတဲ့ ရေနဲ့ မီးကနေ အသစ်ပြန်ဖြစ်လာခဲ့တာပါ။ သူ့ခန္ဓာကိုယ်က ဖင်းဂေါ့ တစ်ယောက်ရဲ့ ခန္ဓာကိုယ်နဲ့ အတူတူပါပဲ။

"ဒီရေအောက်နန်းတော်က တခြား အခန်းတွေကတော့ နောက်ပိုင်း ဖင်းဂေါ့အဆင့်တွေ လေ့ကျင့်ဖို့ ပါပဲ၊ ဖြစ်ချင်တော့လည်း ဖင်းဂေါ့လမ်းစဉ်က အင်မတန်မှ ကို ခက်ခဲ ကြမ်းတမ်းလွန်းတယ်၊ အင်မော်တယ် ဂျူပွာတောင်မှ ဖင်းဂေါ့လမ်းစဉ်ကနေ စတင်ခဲ့ပေမဲ့ သူ့အတွက် လျှောက်

လှမ်းရတဲ့ လမ်းက ပိုပိုပြီးတော့ ခက်ခဲလာခဲ့တယ်၊ ကီလမ်းစဉ်မှာ တော့ သူတိုးတက်တာ အင်မတန်မှ မြန်ခဲ့တယ်၊ ဒါပေမဲ့ နောက်ဆုံးတော့ သူ့ရဲ့ မိုးကောင်းကင် စမ်းသပ်မှုမှာ ကျရှုံးခဲ့ပြီး လွတ်မြောက်အင်မော်တယ် ဖြ စ်သွားခဲ့တာပဲ"

ကီလမ်းစဉ်က ရိုးရှင်းပြီး ဖင်းဂေ့ါ လမ်းစဉ်က ခက်ခဲပါတယ်။

သူ နောက်ပိုင်းမှာ မြေတန်ခိုးရှင် အနေနဲ့ ကီလမ်းစဉ်မှာ ရောက်ခဲ့ရ င်တောင်မှ ဖင်းဂေ့ါလမ်းစဉ်မှာ မူလတာအို အဆင့် ဒါမှ မဟုတ် ဝမ်ရှင်း သူတော်စင် အဆင့်ပဲ ရောက်နိုင်ဦးမှာ ပါ။ သူလည်း စမ်းသပ်မှုတွေကို ကျဆုံးခဲ့ပြီးတော့ လွတ်မြောက်တန်ခိုးရှင်ပဲ ဖြစ်ရင် ဖြစ်လာမှာ ပါ။ သူ အင်မော်တယ် ဂျူဟွာလမ်းစဉ် လိုက်သွားရဖို့ များ ပါတယ်။

"ငါ တစ်ခုသတိပေးထားချင်တယ်၊ အင်မော်တယ် ဂျူဟွာက သူ့တပ ည့် ရမ်းပတ်ကို တစ်ခါ ပြောဖူးခဲ့တဲ့ စကားပေါ့"

ကွဲအိုကြီးက ပြောလိုက်ပါတယ်။

"ဟုတ်ကဲ့၊ ပြောပြပါခင်ဗျာ"

"ရေအောက်နန်းတော်က ဖင်းဂေ့ါတွေ လေ့ကျင့်ဖို့ အတွက်ပဲ၊ ဒါကြောင့် မင်း ဖင်းဂေ့ါ လမ်းစဉ်ကို အတတ်နိုင်ဆုံး ကြိုးစားပြီး လျှော က်ပါ၊ မင်း မြေ အင်မော်တယ် အဆင့်ကနေ နောက်တစ်ဆင့်ကို ထိုး ဖောက် ရောက်ရှိတော့မယ့် အဆင့်ဆိုရင်တောင်မှ ... ဂျိနင်... မင်းရဲ့ ကီ လမ်းစဉ်ကို ခဏရပ်ထားလိုက်ပါ၊ ကောင်းကင် စမ်းသပ်မှုတွေကို တစ်ခါတည်း ရင်မဆိုင်ရဖို့ ပါ၊ ဖင်းဂေ့ါလမ်းစဉ်ကို ကြိုးစားလျှောက်ပြီး တော့ ဖင်းဂေ့ါ တစ်ယောက်အနေနဲ့ ကောင်းကင် စမ်းသပ်မှုကို အရင် ဖြ

တ်ကျော်ပါတဲ့ "

နင် မျက်မှောင်ကြုတ် လိုက်မိပါတယ်။

"အင်မော်တယ် ဂျူပ္ပာရဲ့ တွက်ချက်မှုအရ ဆိုရင်တော့ မင်းဖင်းဂေါ် လမ်းစဉ်မှာ ပိုပြီး ခရီးပေါက်လေလေ ရေအောက်နန်းတော်က မင်းကို ပို ပြီး ကူညီလာနိုင်လေလေပဲလို့ ပြောခဲ့တာပဲ၊ အင်မော်တယ် ဂျူပ္ပာက သူတောင် မသိတဲ့ လျှို့ဝှက်ချက်တွေ ရေအောက်နန်းတော်မှာ ရှိနေသေး တယ်လို့ ပြောခဲ့တယ်၊ ဒါတွေက ပထမ နန်းတော်ရှင်က ချန်ထားခဲ့ပေမဲ့ လည်း အင်မော်တယ် ဂျူပ္ပာက သေချာ မရှာဖွေနိုင်ခဲ့ဘူး"

ကျွဲအိုကြီးက ပြောလိုက်ပါတယ်။

"ဆရာကြီးရဲ့ သတိပေးမှုအတွက် အများကြီး ကျေးဇူးတင်ပါတယ်ခ င်ဗျာ၊ ဂျိနင် ရင်ထဲ အမြဲ မှတ်သားထားပါ့မယ်"

နင် ဦးညွှတ်လိုက်ပါတယ်။

"ပထမ နန်းတော်ရှင်မှာ အင်မတန်မှ အစွမ်းထက်တဲ့ နတ်ဘုရားစွမ်းအင်တွေ ရှိပြီးတော့ အင်မော်တယ် ဂျူပ္ပာထက် အများကြီး အများကြီး အစွမ်းထက်ပါတယ်၊ မင်း ကြယ်တာရာ ခန်းမကို ဝင်နိုင်တဲ့ အချိန်ဆို သဘောပေါက်သွားလိမ့်မယ်"

"ကြယ်တာရာ ခန်းမ"

နင် နားမလည်နိုင် ဖြစ်သွားပါတယ်။

ရတ်တရက်

လေဟာနယ်ထဲကနေ အင်မတန်ကြီးမားတဲ့ ဝက်ဝံကြီးတစ်ကောင် ပုံရိပ် တဖြည်းဖြည်း ထင်ထင်ရှားရှား ပေါ်လာပါတော့မယ်။ အမွေးဝါ

တွေ ဖုံးအုပ်ထားတဲ့ ဝက်ဝံကြီးက နင်ကို စိုက်ကြည့်နေပါတယ်။ နင်က သူ့ကို ထာဝရ တည်ရှိခြင်း တစ်ခုခုက စိုက်ကြည့်နေတယ်လို့ ခံစားရမိနေပါတယ်။ သူ မိခင် နုဝါရဲ့ ပန်းချီကားကို စိတ်ထဲမှတ်ရှုတုန်းက ခံစားရတဲ့ ခံစားမှုနဲ့ တူလို့ နေပါတယ်။

ကွဲ့အိုကြီးက ချက်ချင်းပဲ

"အစ်ကိုကြီး"လို့ တလေးတစား ခေါ်လိုက်ပါတယ်။ ကွဲ့အိုကြီးရဲ့ နှုတ်ခမ်းတွေ တုန်လှုပ်နေတာကို နင် ခံစားမိလိုက်ပါတယ်။ ကွဲ့အိုကြီးက မိတ်ဆက်ပေးလိုက်ပါတယ်။

"ဒါကတော့ ဒီနန်းတော်ရဲ့ ဝိညာဉ်ပါပဲ"

"နန်းတော်ရဲ့ ဝိညာဉ်..."

နင်လည်း သူဒီကို လာတိုင်း ပေါ်ပေါ်လာတဲ့ ဝက်ဝံဦးခေါင်းကြီးကို သတိရလိုက်မိပါတယ်။

"ဂျိနင်က ဆရာကြီးကို နှုတ်ခွန်းဆက်သပါတယ်"

ဝက်ဝံကြီးက နင်ကို ကြည့်လိုက်ပြီးတော့

"အင်း.. နောက်ထပ်ဇီဖူကို ကီလမ်းစဉ်နဲ့ အရင်ရောက်သွားတဲ့ တစ်ယောက်၊ မင်းက အနီရောင် ကောင်းကင်ကိုးဆင့် ဖင်းဂေါ့ ကျင့်စဉ်ကို ကျင့်ထားတာပဲ၊ တစ်လောကလုံးက နံပါတ်တစ် ဖင်းဂေါ့ ကျင့်စဉ်ပဲ၊ မင်းက အင်မတန်မှ အစွမ်းထက်တဲ့ ဖင်းဂေါ့ သွေးမျိုးဆက် ဖြစ်နေပြီ၊ မင်းရဲ့ ပါရမီနဲ့ စွမ်းဆောင်နိုင်စွမ်းကို မဖြုန်းတီးပစ်နဲ့ "

"ဟုတ်ကဲ့"

နင် မမြင်ရတဲ့ စွမ်းအင်တစ်ခု ဝက်ဝံကြီးဆီက ဖြာထွက်နေတယ်လို့ ခံစားမိပါတယ်။

ဒီရှေးကျလွန်းတဲ့ တည်ရှိမှုတစ်ခုဟာ သာမန်လူတွေဆီမှာ ဘယ်သူမှ မနှိုင်းယှဉ်နိုင်ပါဘူး။ ဒီ နန်းတော်ရဲ့ ဝိညာဉ်က လူတိုင်းကို နေရာအနှံ့ကနေ ပို့ဆောင်နိုင်နေတယ် ဆိုကတည်းက အင်မတန်မှ ဆန်းကြယ်လို့ နေပါတယ်။

အင်မော်တယ်ဂျူဟွာလည်း ဖင်းဂေ့ါခေတ် ကုန်ခါနီးတုန်းက အင်မတန် အစွမ်းထက်တဲ့ တန်ခိုးရှင်တစ်ယောက်ပါပဲ။

ဒါပေမဲ့ ဒီနန်းတော်ရဲ့ ဝိညာဉ်က ပထမဆုံး နန်းတော်ရှင်နောက်ကို လိုက်ခဲ့သူပါ။ ဘယ်လောက်တောင်မှ အစွမ်းထက်လိုက်မလဲ၊ သူ့ကို တွေ့ရင် ရိုရိုသေသေ ဆက်ဆံတာ အကောင်းဆုံးပါပဲ။

"ငါ့နောက်လိုက်ခဲ့"

ဝက်ဝံဝါကြီး ရှေ့က လျှောက်သွားခဲ့ပါတယ်။

"မြန်မြန် လိုက်သွားလေ"

ကျွဲအိုကြီးက လောလိုက်ပါတယ်။

ဝက်ဝံကြီးနောက်ကို လိုက်ပြီးတော့ မီတာ သုံးထောင်မြင့်တဲ့ ခန်းမကြီးရဲ့ ညာဘက်ခန်းမထဲကို ဝင်သွားပါတယ်။

ဝက်ဝံကြီးက လမ်းလျှောက်နေရင်းနဲ့ စကား ပြောလိုက်ပါတယ်။

"မင်း ထိန်းချုပ်လည်ဆွဲကို ပေါင်းစည်း ချည်နှောင်ပြီးသွားတာနဲ့ နန်းတော်ရှင် ဖြစ်ဖို့ လေ့ကျင့်နေတဲ့ သူတစ်ယောက် ဖြစ်သွားပြီ။ မင်း ခန်းမကြီးပြီးရင် ဒီလမ်းထဲကို လာလို့ ရတယ်။

ဒီမ၂၁ ဒုတိယအဆင့် အဓိက အခန်းကြီး လေးခန်းရှိတယ်။ ဒီလေးခန်းက မင်းအတွက် ပွင့်နေပြီ။ အခု လောလောဆယ်တော့ ဒီ လေးခန်းပဲ ဝင်လို့ ရဦးမယ်။ မင်း ဒီလေးခန်း အပြင်ကို တခြားအခန်း တွေ ပိုပြီးတော့ ဝင်လို့ ရချင်ရင်တော့ မူလ တာအို တန်ခိုးရှင် ဖြစ်ဖို့ လို တယ်။

နင် နားလည်ပါတယ်။

ဇီဖူတန်ခိုးရှင်ဖြစ်မှ သာ ထိန်းချုပ်လည်ဆွဲကို ချည်နှောင်ပေါင်းစည်း ထားလိုက်နိုင်တာပါ။ ဒါက ပထမ အဆင့်ပါ။

ဝမ်ရှင်းသူတော်စင် အဆင့်ဆိုရင် နန်းတော်ကြီး တစ်ခုလုံးကို ချည် နှောင် ပေါင်းစည်းနိုင်ပါပြီ။ ဒါကဒုတိယ အဆင့်ပါ။

ဒီဒုတိယ အဆင့်မှာ တော့ သူ ဒီနန်းတော်ကို တစ်ချိန်လုံး သယ်သွား လို့ ရနေပါပြီ။ ဒါပေမဲ့ ရေအောက်နန်းတော်က ကိုယ့်ရဲ့ ထိန်းချုပ်မှုအော က်ကို အပြည့်အဝ မရောက်ခဲ့လို့ အင်မော်တယ် ဂျူဟွာက လျှို့ဝှက်ချက် တွေ ရှိဦးမယ်လို့ ပြောခဲ့တာပါ။

"ကြည့်စမ်း"

ဝက်ဝံဝါကြီးက တံခါးပွင့်နေတဲ့ ကြေးနီရောင် ဂိတ်တံခါးကြီးကို ညွှ န်ပြလိုက်ပါတယ်။

နင် တံခါးကနေ အထဲကို ကြည့်လိုက်တဲ့ အခါမှာ

ဝိုး ...

နင် မျက်လုံး အဝိုင်းသား ဖြစ်သွားပါတယ်။ အခန်းထဲမှာ တော့ အင် မတန် ပြင်းထန်တဲ့ စွမ်းအင်ဖြာထွက်နေတဲ့ ရှေးကျလွန်းတဲ့ မှော်ရတနာ တွေ အများကြီး ရှိနေပါတယ်။ နင် ပထမဆုံး ပေါက်ကွဲမတတ် အရောင်

၃မျိုးလက်နေတဲ့ စစ်သုံး တူကြီးကို တွေ့လိုက်ပါတယ်။

ပြီးတော့ အရောင်လေးမျိုး ဝက်ပါ အလံတိုင် လေးခုကိုလည်း တွေ့လိုက်ပါတယ်။ သူ ဒီ ဝက်ပါ အလံတိုင်ကို ကြည့်မိတဲ့ အခါမှာ အင်မတန်မှ ကြီးမားတဲ့ အဆုံးအစ မမြင်ရတဲ့ ကမ္ဘာတစ်ခုကိုကြည့်မိသလို ခံစားမိလိုက်ပါတယ်။

"ဒါကတော့ မင်းဝင်လို့ ရတဲ့ အခန်းလေးခန်းထဲက ရတနာ ခန်းမပဲ၊ ဒီရတနာ ခန်းမက ဆရာရဲ့ မရေမတွက်နိုင်တဲ့ မှော်ရတနာတွေကို သိမ်းထားတဲ့ နေရာပဲ၊ ရှားပါး သာမန် ပစ္စည်းမျိုးစုံကနေ ကမ္ဘာဦးအစက ပစ္စည်းတွေပါရှိတယ်၊ ပန်ဂုက ကောင်းကင်ကို နှစ်ခြမ်းခွဲပြီး စကြဝဠာကို ဖန်တီးခဲ့တဲ့ အချိန်ကို ပြောတာပါ၊ ဆရာက ဒီမှာ ဒီရတနာတွေအတွက် စည်းကမ်းတွေကို သတ်မှတ်ထားတယ်၊ မင်းက ဆရာတောင်းဆိုထားတဲ့ အချက်တွေ ဖြည့်ဆည်းနိုင်တာနဲ့ ရတနာတွေကို ရလိမ့်မယ်"

နင် အသက်ရှူရပ်မတတ် ဖြစ်သွားပါတယ်။

ပန်ဂုက ကောင်းကင်ကို နှစ်ခြမ်းခွဲပြီး စကြဝဠာကို ဖန်တီးတဲ့ အချိန်တုန်းက မှော်ရတနာတွေ ဘာတွေဖြစ်မလဲ နင်က ဖင်းဂေ့ါဆိုတာ သဘာဝကနေ မွေးဖွားလာတာကို နားလည်ပါတယ်။ ပန်ဂုက ကောင်းကင်နှစ်ခြမ်းခွဲလိုက်တော့ ဖင်းဂေ့ါတွေ အများကြီး မွေးဖွားလာခဲ့ပါတယ်။

ဒီရေအောက် နန်းတော်တောင်မှ အင်မတန်မှ အစွမ်းထက်လှတဲ့ ဖင်းဂေ့ါတစ်ယောက်က ထားရစ်ခဲ့တာ မဟုတ်ဘူး လား။

"ကျွန်တော် ဒီရတနာတွေ ရဖို့ ဘာလုပ်ဖို့ လိုလဲဟင်။ ဘာအချက်တွေ ဖြည့်ပေးဖို့ လိုလဲ"

နင် မေးလိုက်ပါတယ်။

"မင်းခန်းမထဲမှာ ဖြည်းဖြည်းချင်း လိုက်ကြည့်လိုက်ပါ၊ ဆရာချန်ခဲ့တဲ့ စည်းမျဉ်း စည်းကမ်းတွေကို တွေ့ပါလိမ့်မယ်"

နင် ခေါင်းညိတ်လိုက်မိပါတယ်။

ပထမဆုံး နန်းတော်ရှင်က တပည့်လက်ခံတဲ့ လမ်းကြောင်းနှစ်ခုလုံးကို တည်ဆောက်ပေးခဲ့တာပါ။ ဒီမှာ ရှိသမျှ စည်းကမ်းတိုင်းကလည်း သူပဲ ချမှတ်ထားခဲ့တာပါ။ အင်မော်တယ် ဂျူဟွာက သာမန် ဆက်ခံသူ တစ်ယောက်ထက် အပြင် မပိုပါဘူး။

"ဆက်လျှောက်ရအောင်"

ဝက်ဝံဝါကြီးက ပြောလိုက်ပါတယ်။

"နောက် ဒုတိယ အခန်းကကျတော့ နတ်ဘုရား သိုင်းကျင့်စဉ် ခန်းမပဲ၊ မင်းဝင်ခွင့်ရှိတယ်"

"နတ်ဘုရား သိုင်းကျင့်စဉ် ခန်းမ"

သူ့ရဲ့ လေတောင်ပံ ကိုယ်ဖော့သိုင်းက နတ်ဘုရားသိုင်း တစ်ခုပဲလေ ။ ဒါတွေက လွယ်လွယ်ကူကူ ရရှိနိုင်တဲ့ ပညာရပ်တွေ မဟုတ်ပါဘူး။

"ကဲ ငါတို့ ဒီမှာ "

ဝက်ဝံဝါကြီးက နောက်ထပ် တံခါးပေါက်ကြီးကို ညွှန်ပြလိုက်ပါတယ်။ ဒီတံခါးကြီးရဲ့ အပေါ်မှာ တော့ ကောင်းကင်ကိုတောင်မှ ဖမ်းဆီးနိုင်ပြီး နေရောင်ကိုတောင် တားဆီးလိုက်နိုင်တဲ့ အင်မတန်မှ ကို အံ့မခန်းတဲ့ အော်ရာ ဖြာထွက်နေတဲ့ လက်ဝါးတစ်ခု ရှိနေပါတယ်။

"ဒါကတော့ နတ်ဘုရား သိုင်းကျင့်စဉ်ခန်းမပဲ၊ အချက် နှစ်ချက်ကို ဖြည့်ဆည်းပေးနိုင်တဲ့ ဖင်းဂေ့မှ သာ ဒီကို ဝင်လို့ ရတယ်၊ ပထမက

တော့ သွေးတစ်စက်ကနေ ပြန်လည်မွေးဖွားနိုင်တဲ့ အဆင့်ကိုရောက်နေတဲ့ ဖင်းဂေါ့ ဖြစ်ရမယ်၊ ဒုတိယကတော့ ဒီအဆင့်ကို ဆယ်နှစ် မတိုင်မီ ရောက်ရမယ်"

နင် အံ့ဩသွားပါတယ်။ သွေးတစ်စက် ပြန်လည်မွေးဖွားခြင်း ... ဒါက ဇီဖူ ဖင်းဂေါ့အဆင့်လေ။ သူက ဒီအဆင့်ကို မရောက်သေးပါဘူး။

ပြီးတော့ သူအသက် ၁၇နှစ်ကျော်တာ ကြာပြီလေ။

"အရင်တုန်းကလည်း အင်မော်တယ် ဂျူဟွာက အသက် ဆယ်နှစ်ကျော်ခဲ့လို့ ဒီ နတ်ဘုရားသိုင်း ကျင့်စဉ်ခန်းမကို သူ ဝင်ခွင့်မရခဲ့ဘူး"

ဝက်ဝံဝါကြီးက ပြောလိုက်ပါတယ်။

"သူသာ ဝင်ခွင့်ရခဲ့ရင် သူ့ရဲ့ အင်မော်တယ်ခရီးဟာ ပိုပြီး ရှည်ကြာမှာ ပါ၊ ပြီးတော့ သူ ပိုပြီး အစွမ်းထက်မှာ အသေအချာပဲ၊ သူ လွတ်မြောက် အင်မော်တယ် ဖြစ်သွားစရာ အကြောင်းမရှိဘူး"

ဝက်ဝံဝါကြီးက နှစ်သန်းပေါင်းများ စွာ နန်းတော်မှ နေခဲ့တဲ့ အင်မော်တယ်ဂျူဟွာကို အတွက် ခံစားနေမိပါတယ်။

ကျွဲအိုကြီးလည်း သက်ပြင်းချလိုက်ပါတယ်။

"ငါ့ရဲ့ ဆရာလည်း ဒီနတ်ဘုရားသိုင်းကျင့်စဉ် ခန်းမကို ဝင်ခွင့်မရခဲ့တဲ့ အတွက် အမြဲ နောင်တရနေတာပါ၊ ဒီက ဒုတိယ အဆင့် အခန်းလေးခန်းလုံးက အရမ်းကို အရေးကြီးတယ်၊ ဆရာက ကျန်တဲ့ ၃ခန်းကို ဝင်နိုင်ပေမဲ့လည်း ဒီနတ်ဘုရားသိုင်း ကျင့်စဉ်ခန်းမကို မဝင်နိုင်ခဲ့ဘူး၊ သူ စမ်းသပ်မှုတွေ ကျော်ဖြတ်ခဲ့တုန်းက အသက် ၁၇နှစ် ကျော်နေခဲ့ပြီးပြီလေ"

နင်လည်း ရင်ထဲ ခါးသီးမှုကို ခံစားမိလိုက်ပါတယ်။

သူ ဘယ်လိုပဲတွက်တွက် သူ့အသက်က ၁၀နှစ်ကျော်နေပြီလေ။ သူလည်း ဒီအခန်းကို မဝင်နိုင်တော့ဘူးလား။

"တော်သေးတာကတော့ မင်းက ကံကောင်းနေသေးတယ်၊ မင်းအခု မှ အသက် ၅နှစ်ပဲ ရှိသေးတယ်"

ဝက်ဝံဝါကြီးက နင်ကို ကြည့်ပြီး ပြောလိုက်ပါတယ်။

"အသက် ၅နှစ်"

နင် အံ့ဩသွားပါတယ်။

ကျွဲအိုကြီးက နင်အတွေးကို နားလည်တဲ့ အတွက် ပြောပြလိုက်ပါတယ်။

"ဖင်းဂေါ့တွေက ဇင်တျန်အဆင့်မှာ မှ မွေးဖွားလာတာလေ၊ မင်းက အခု အသက် ၅နှစ်ပဲ ရှိသေးတယ်"

Chapter 1 ပြီးပါပြီ။

ဆက်ပါဦးမည်။

***

# Chapter 2

## (ရတနာတွေ)

ဖင်းဂေ့ါတွေ အတွက် အသက်ကို ရည်ညွှန်းတာကတော့ အစစ်အမှန် ဖင်းဂေ့ါတွေဟာ သဘာဝတရားကနေပြီးတော့ ဇင်တျန် အနေနဲ့ မွေးဖွားလာကြပါတယ်။ နင်ကတော့ အသက် ၁၁ နှစ်မှာ ကောင်းကင်ရေနဲ့ မီးက ဆင်းသက်လာခဲ့ပြီးတော့ ခန္ဓာကိုယ်ကို ဖင်းဂေ့ါခန္ဓာကိုယ်အဖြစ် အသစ်ပြန်တည်ဆောက် ပေးသွားခဲ့ပါတယ်။ ပုံမှန် ဖင်းဂေ့ါတစ်ယောက်လိုမျိုး နင်က အဲဒီအချိန်က ပြန်လည် မွေးဖွားလာတဲ့ သဘောပါ။ အခု သူက ၁၆နှစ် ရှိနေပါပြီ။ ဖင်းဂေ့ါ သက်တမ်းအရ သူက အသက် ၅နှစ်ပဲ ရှိပါသေးတယ်။

"အသက် ၁၀နှစ် မပြည့်ခင်မှာ ဇီဖူကို ရောက်ခဲ့တယ် ဆိုကတည်းက မင်းရဲ့ အရည်အချင်းကို သက်သေပြလိုက်တာပဲ၊ မင်းအနေနဲ့ နတ်ဘုရား သိုင်းကျင့်စဉ် ခန်းမထဲကို ဝင်ပြီးတော့ ဆရာချန်ခဲ့တဲ့ စမ်းသပ်မှုကို ကျော်ဖြတ်လိုက်ရုံပဲ ကျန်တော့တယ်၊ မင်း အောင်မြင်ရင်တော့ ဆရာချန်ထားခဲ့တဲ့ အရမ်း အရမ်းကို အစွမ်းထက်လှတဲ့ နတ်ဘုရားသိုင်း တစ်ခုကို ရလိမ့်မယ်"

"မှတ်ထားဦးနော်၊ မင်း ဒီအခန်းထဲကို ဝင်ဖို့ အခွင့်အရေး တစ်ကြိမ်

ပဲ ရှိတယ်၊ ဒါကြောင့် မင်း အစွမ်း ပိုထက်လေလေ အောင်မြင်ဖို့ ရာခိုင်နှုန်း ပိုများ လေလေပဲ၊ ဒါကြောင့် မင်းအသက် ၁၈နှစ် ပြည့်တော့မှ ပဲ ဝင်လိုက်တာ ပိုကောင်းပါတယ်၊ မဟုတ်လို့ မင်းမအောင်မြင်ခဲ့ရင် နတ်ဘုရားသိုင်းကျင့်စဉ်ကို ရတော့မှာ မဟုတ်ဘူး ၊ ပြောရရင် ဒီစမ်းသပ်မှုက အန္တရာယ်တော့ နည်းနည်းများ တယ်၊ မင်းသတိမထားရင် အသက်ပျောက်သွားနိုင်တယ်"

နင်က စပ်စုကြည့်လိုက်ပါတယ်။

"ဘယ်လို နတ်ဘုရားသိုင်း ပညာရပ်တွေက ဒီနတ်ဘုရားသိုင်း ကျင့်စဉ်ခန်းမမှာ ရှိလည်း မသိဘူး"

ဝက်ဝံဝါကြီးက နင်ကို ကြည့်ပြီးတော့ လေသံအေးအေးနဲ့ ပြောလိုက်ပါတယ်။

"မင်း စမ်းသပ်မှုကို အောင်မြင်ရင် သိသွားလိမ့်မယ်၊ မင်း မအောင်မြင်ရင်တော့ သိနိုင်ဖို့ အတွက် အရည်အချင်း မပြည့်ဝဘူး"

"လာ… နောက်တစ်ခန်း သွားကြရအောင်"

နင် ကြေးတံခါးကြီးပေါ်က ခမ်းနားလွန်းတဲ့ အံ့မခန်း အော်ရာတွေ ဖြာထွက်နေတဲ့ လက်ဝါးကြီး တစ်ဖက်ကို နောက်ထပ် ကြည့်လိုက်မိပါတယ်။

နတ်ဘုရား သိုင်းကျင့်စဉ်ခန်းမ…

သူ့ရဲ့ ဖင်းဂေါ့ ခန္ဓာကိုယ်က ဇီဖူ အဆင့် ရောက်လုနေပါပြီ။ အခုတော့ ဒီအတွက် စဉ်းစားစရာ မလိုသေးပါဘူး။

***

ဝက်ဝံကြီးက ရှေ့ကနေ ဆက်လျှောက်သွားတော့ နင်နဲ့ ကျွဲအိုကြီးတို့ နောက်ကနေ လိုက်ပါသွားကြပါတယ်။

"ဒီဒုတိယအဆင့် နောက်အခန်းကတော့"

အင်မတန်ကြီးမားတဲ့ ကြေးတံခါးကြီးတစ်ချပ်ကို ထပ်ပြီး ညွှန်ပြလိုက်ပြန်ပါတယ်။ ဒီတံခါးမှာ တော့ ပုဆိန်နဲ့ လှံတစ်ချောင်းစီ ရေးထွင်းထားပြီးတော့ သတ်ဖြတ်ခြင်း အော်ရာက ပြင်းထန်စွာ ဖြာထွက်လျက် ရှိပါတယ်။ သတ်ဖြတ်မှုက ပြင်းထန်လွန်းတဲ့ အတွက် သွေးရောင် အလင်းတန်းတောင်မှ တောက်ပနေပါတယ်။ နင် အသည်းထဲ စိမ့်နေတဲ့ ကြောက်ရွံ့မှုကို ခံစားလိုက်မိပါတယ်။

"ဒါကတော့ စစ်နတ်ဘုရား ခန်းမပဲ၊ ဒီအခန်းက ရေအောက်နန်းတော် တစ်ခုလုံးမှာ အန္တရာယ် အများ ဆုံး ဖြစ်ပြီးတော့ အခွင့်အရေးကောင်းတွေလည်း ပြည့်နေတဲ့ နေရာတစ်ခုပဲ"

အန္တရာယ် အများ ဆုံးနဲ့ အခွင့်ကောင်းတွေ ပြည့်နေတဲ့ အခန်း။

"ဆက်ပြီး သွားရအောင်"

ဝက်ဝံကြီးက စကားအပို ပြောမနေတော့ပဲ ဆက်လျှောက်သွားခဲ့ပါတယ်။

***

အဝေးကနေ ရေစီးသံသဲ့သဲ့ကို ကြားနေရပါတယ်။ နင်လည်း ပွင့်နေတဲ့ သစ်သားတံခါးကနေ ကြည့်ပြီးတော့ စပ်စုကြည့်လိုက်ပါတယ်။ သစ်သားတံခါးကနေ ကျော်ပြီး မြင်လိုက်တာကတော့ ကျောက်တုံးတွေ ၊ စီးဆင်းနေတဲ့ ချောင်းကလေးနဲ့ အထီးကျန် ကောက်ရိုးတဲလေး တစ်လုံးပါပဲ။

"ဒါကတော့ ကြယ်တာရာ ခန်းမပဲ"

ဝက်ဝံဝါကြီးက အခန်းတံခါးဝမှာ ရပ်ပြီးတော့ အထဲကိုကြည့်ပြီး ပြောလိုက်ပါတယ်။

"ဒီကြယ်တာရာ ခန်းထဲက အရာအားလုံးက ဆရာကိုယ်တိုင် စီစဉ်ခဲ့တာချည်းပဲပေါ့၊ ဒီ ကြယ်တာရာ ခန်းထဲမှာ နေလိုက်တာနဲ့ တာအိုရဲ့ ဆန်းကြယ်မှုကို အာရုံ ခံမိလိမ့်မယ်"

အနီးက ကျွဲအိုကြီးက စိတ်လှုပ်ရှားစွာနဲ့ ပြောလိုက်ပါတယ်။

"ဂျိနင် ... အင်မော်တယ် ဂျူဟွာက နှစ်သန်းပေါင်းများ စွာ အသက်ရှည်ခဲ့ရတဲ့ အကြောင်းအရင်းကတော့ ဒီကြယ်တာရာ ခန်းမဆောင်ကြောင့် ပဲ၊ တာအိုရဲ့ နက်နဲ ဆန်းပြားမှုဟာ ဒီ ကြယ်တာရာ ခန်းမက နေရာလပ်မကျန် အကုန်လုံးမှာ ရှိနေတယ်၊ ပြောရရင် ဒီမှာ ပြီးပြည့်စုံတဲ့ တာအိုတွေ အများကြီး ရှိနေတာ၊ အင်မော်တယ် ဂျူဟွာမှာ ဒီကြယ်တာရာ ခန်းမ ရှိနေလို့ လည်း သူ့ရဲ့ တာအို နားလည်မှုဟာ အင်မတန်မှ ကို မြင့်မားနေခဲ့တယ်၊ ဒါကြောင့် လည်း စမ်းသပ်မှုနဲ့ ကပ်ဘေးတွေကို ကြံ့ကြံ့ခံခဲ့ပြီး နှစ်သန်းပေါင်းများ စွာ အသက်ရှင်နိုင်ခဲ့တာပေါ့"

"ပြီးပြည့်စုံတဲ့ တာအိုတွေ အများကြီး...."

နင် ပဟေဠိ ဖြစ်သွားပါတယ်။

"ကဲ ငါမင်းကို အကုန်ပြောပြပြီးပြီ"

ဝက်ဝံဝါကြီးက ပြောလိုက်ပါတယ်။

"မင်းအခု ဝင်လို့ ရတဲ့ အခန်းတွေက ပင်မ ခန်းမဆောင်ကြီးရယ် ဒီ ကော်ရစ်ဒါရယ် ဒီ ဒုတိယအဆင့် အဓိက ခန်းမကြီး ၄ ခုရယ်ပဲ၊ တခြား နေရာတွေကို မင်းသွားခွင့် မရှိသေးဘူး၊ စည်းကမ်းကို သေချာ လိုက်နာ ပါ၊ မင်း မူလ တာအို တန်ခိုးရှင် အဆင့်အထိ ရောက်အောင် အသက်ရှင် နိုင်မယ်လို့ တော့ ငါမျှော်လင့်မိတာပဲ"

ဝှစ်

ဝက်ဝံဝါကြီးက တဖြည်းဖြည်း မှိန်ဖျော့ ပျောက်ကွယ် သွားပါတော့ တယ်။

နင် အခုမှ သက်ပြင်းချ လိုက်နိုင်ပါတယ်။ ဒီဝက်ဝံဝါကြီးနဲ့ စကားပြောရတာ ရှေးခေတ် ဖင်းဂေါ့တစ်ယောက်နဲ့ ဆက်ဆံရသလို ဖိ အားတွေ အများကြီး ခံစားရပါတယ်။

"ကဲ... နန်းတော်ရဲ့ ဝိညာဉ်က ဒီလိုပါပဲ၊ မင်းမပြောနဲ့ အင်မော်တယ် ဂျူဟွာကိုတောင်မှ သူ သိပ်ပြီး ဂရုတစိုက် ဆက်ဆံတာ မဟုတ်ဘူး ၊ သူ က တော်တော်ကို မာနကြီးပြီးတော့ သီးခြား နေတတ်တယ်။ နှစ်ပေါင်း ဒီလောက် မရေမတွက်နိုင်အောင် ကြာခဲ့မှ တော့လည်း သူ သီးခြားနေ တတ်တာ မဆန်းတော့ပါဘူး၊ အင်မော်တယ် ဂျူဟွာကလည်း ဒီနန်း တော်ကို အပြည့်အဝ မထိန်းချုပ်နိုင်ခဲ့တာလည်း ပါပါတယ်"

ကျွဲအိုကြီးက ရယ်မော ပြောဆိုလိုက်ပါတယ်။

နင်လည်း ခေါင်းညိတ်လိုက်ပါတယ်။

သူ ချက်ချင်းပဲ ထပ်မေးလိုက်ပါတယ်။

"ဆရာကြီး... ကျွန်တော် ဒီအခန်း ၄ခန်းကို ဘာလုပ်လို့ ရမလဲ၊ ကျွန်တော့်ကို လမ်းပြပေးပါဦး"

"လာ... ပထမဆုံး ရတနာ ခန်းမကို သွားကြရအောင်၊ ငါ့နောက် လိုက်ခဲ့လိုက်၊ ငါက ဒီနေကို တော်တော် ကျွမ်းကျင်နေပြီ"

နင်လည်း ကျွဲအိုကြီးက ဝက်ဝံဝါကြီးထက် ပိုပြီးတော့ စိတ်သဘောထား ပျော့ပျောင်းမှန်း နားလည်ပါတယ်။

"ဟုတ်ကဲ့"

ရတနာ ခန်းမ...

နင် ကျွဲအိုကြီးနဲ့ တူတူ လိုက်ဝင်လိုက်တာနဲ့ တခြားကမ္ဘာတစ်ခုကို ရောက်သွားသလို ခံစားလိုက်ရပါတယ်။ လေထဲမှာ တော့ မှော်ရတနာ ပေါင်းစုံ နေရာတကျ ရှိနေပါတယ်။ ဒီ ရတနာတွေက ဖြာထွက်လာတဲ့ အော်ရာဟာ အင်မတန်မှ ကို ပြင်းထန်လွန်းလို့ နင်ရင်ထဲ အသက်ရှူကျပ် လာသလိုတောင် ခံစားလာမိပါတယ်။ ဒီလက်နက်တွေက ထွက်ပေါ်လာတဲ့ လှိုင်းတစ်ခုတည်းနဲ့ တင် သူ ပြာကျသွားနိုင်ပါတယ်။ စိတ်ကူးနဲ့တောင် မှန်းလို့ မရအောင် အင်မတန်မှ အစွမ်းထက်တဲ့ လက်နက်တွေဆိုတာ သေချာပါတယ်။

"ရတနာတွေ..."

ကျွဲအိုကြီး သက်ပြင်းချ လိုက်ပါတယ်။

"အင်မော်တယ် ဂျူဟွာ ဒါတွေကို ကြည့်ပြီး အမြဲ သရေကျနေခဲ့တာ၊ တကယ့် ရတနာ တွေပဲလေ၊ ဒါပေမဲ့ သူ ယူလို့ မရခဲ့ဘူး၊ သူသာ ဒီရတနာတွေထဲက ကြိုက်တာကို ယူလို့ ရခဲ့ရင် ကောင်းကင် စမ်းသပ်မှုတွေ ကပ်ဘေးတွေကို အစောကြီးကတည်းက အောင်နိုင်ပြီးတော့ ကောင်းက

င်တန်ခိုးရှင် ဖြစ်နေလောက်ပြီ"

နင် လက်နက်တွေကို ကြည့်ပြီးတော့ ရင်ခုန်လာခဲ့ပါတယ်။

သူ့ရှေ့က လေထဲမှာ စစ်ပွဲသုံး လှံတစ်ချောင်းကို တွေ့လိုက်ပါတယ်။ ဒီလှံတံက ကြည့်လိုက်ရင် သာမန်ပေမဲ့ လှံတံဝန်းကျင်က လေထုက အက်ကွဲလိုက် ပြန်ကောင်းသွားလိုက် ဆက်တိုက် ဖြစ်နေပါတယ်။

"ဒါတွေ အကုန်လုံးက ပထမ နန်းတော်ရှင် ထားခဲ့ပေးတာပေါ့၊ သူက နောက်ဆက်ခံမဲ့ နန်းတော်ရှင်တွေ အတွက် ချန်ရစ်ပေးခဲ့တာပါ၊ ဆက်ခံတဲ့ နန်းတော်ရှင်တွေက ကြိုးစား လေ့ကျင့်ပြီးတော့မှ ဒီရတနာတွေကို ရစေချင်ခဲ့တယ်၊ ဒါကြောင့် မင်း သူ့ရဲ့ တောင်းဆိုချက်တွေကို ဖြည့်ပေးနိုင်ခဲ့ရင် လက်နက်တွေ ရလိမ့်မယ်၊ မဟုတ်ရင်တော့ မင်း အင်မော်တယ် ဂျူပတ္တာလို ကပ်ဘေး ၃ပါးနဲ့ ပေးဆပ်ခြင်း ၉ပါးကြောင့် သေသွားတာတောင်မှ ဘာရတနာ တစ်ခုမှ ရခဲ့မှာ မဟုတ်ဘူး "

နင် စပ်စုကြည့်လိုက်ပါတယ်။

"ဒါတွေကို ရဖို့ အတွက် ဘယ်လို စည်းကမ်းတွေ ချမှတ်ထားလဲမသိဘူး၊ ကျွန်တော် ဘာတွေ လုပ်ပေးဖို့ လိုလဲဟင်"

"ဒီကိုကြည့်လိုက်"

ကျွဲအိုကြီးက နံရံပေါ်မှာ တလက်လက် တောက်ပနေတဲ့ စာလုံးလေးတွေကို ခေါင်းဆတ်ပြ လိုက်ပါတယ်။ ဒါတွေ အကုန်လုံးက ဖင်းဂေါ့ ဘာသာ စကားတွေပါ။

နင် အနီးကပ်သွားပြီးတော့ သွားဖတ်ကြည့် လိုက်ပါတယ်။

"အဲဒီလိုလား"

နင် မျက်မှောင်ကြုတ် လိုက်ပါတယ်။

ဒီရတနာ ခန်းမက ရတနာတွေ အကုန်လုံးက ယူလို့ ရပါတယ်။ ဒါ ပေမဲ့ ယူတဲ့ နည်းလမ်းက နှစ်ခုရှိတယ်။

ပထမတစ်နည်းကတော့ ဖင်းဂေါ့ လမ်းစဉ်လျှောက်သူ တစ်ယောက် အနေနဲ့ အစွမ်းထက်လာအောင် လုပ်ပါ။ ဒါဆိုရင် မင်း မော်တယ်အဆင့် ရတနာတစ်ခု ဒါမှ မဟုတ် အလားတူ အဖိုးတန်တဲ့ ရတနာတစ်ခုကို ရ လာလိမ့်မယ်။

ဝမ်ရှင်းသူတော်စင် အဆင့်ကို ဖင်းဂေါ့လမ်းစဉ်မှာ ရောက်ခဲ့ရင် တော့ မြေကမ္ဘာအဆင့် မှော်ရတနာတစ်ခု ဒါမှ မဟုတ် အလားတူ အဖိုး တန်တဲ့ ရတနာ တစ်ခုကို ရွေးလို့ ရလာလိမ့်မယ်။

မူလ တာအိုတန်ခိုးရှင် အဆင့်ကို ဖင်းဂေါ့လမ်းစဉ်မှာ ရောက်သွားခဲ့ ရင်တော့ ကောင်းကင်အဆင့် ရတနာ တစ်ခု ဒါမှ မဟုတ် အလားတူ အ ဖိုးတန်တဲ့ ရတနာတစ်ခုကို ရွေးလို့ ရလာလိမ့်မယ်။

မြေအင်မော်တယ်အဆင့် ရောက်လာရင်တော့ အင်မော်တယ်အဆင့် မှော်ရတနာ တစ်ခုကို ရွေးလို့ ရလာလိမ့်မယ်။

ကောင်းကင် စမ်းသပ်မှုတွေ ကပ်ဘေးတွေကို ဖြတ်ကျော်ပြီးတော့ ကောင်းကင်တန်ခိုးရှင် ဖြစ်လာခဲ့ရင်တော့ သန့်စင်သော ယန်မှော်ရတ နာ တစ်ခု ဒါမှ မဟုတ် အလားတူ အဖိုးတန် ရတနာတစ်ခုကို ရွေးလို့ ရ လာလိမ့်မယ်။

"အင်း... အဲဒါဆို မှော်ရတနာက အဆင့် ၅ဆင့် ရှိတာပေါ့နော်၊ ဇီဖူ တန်ခိုးရှင်က မော်တယ်အဆင့် မှော်ရတနာကိုပဲ သုံးလို့ ရပြီး ဝမ်ရှင်းသူ တော်စင် အဆင့်ကကျတော့ မြေကမ္ဘာအဆင့် မှော်ရတနာကို သုံးလို့ ရ

လာတာပေါ့နော်၊ မူလတာအိုကျတော့ ကောင်းကင်အဆင့် မှော်ရတနာကို သုံးလာနိုင်ပြီးတော့ ပိုမြင့်တဲ့ အဆင့်တွေက အင်မော်တယ်အဆင့်နဲ့ သန့်စင်တော့ ယန်အဆင့် မှော်ရတနာတွေ ရှိတာပေါ့နော်"

နင် ဒါမျိုးတစ်ခါမှ မကြားဖူးခဲ့ပါဘူး။ သူ သိတာက အဆင့်သတ်မှတ်ထားတဲ့ မှော်ရတနာတွေ ရှိတယ်ပဲ သိတာပါ။

"အဲ့မှာ မှော်ရတနာ အဆင့် ၅ဆင့်ရှိတယ်၊ အဆင့်သတ်မှတ်ထားတဲ့ ရတနာတွေမှာ ကို ထိပ်ဆုံးအဆင့်၊ အဆင့်မြင့်အဆင့်၊ သာမန်အဆင့်နဲ့ အဆင့်နိမ့်အဆင့်တွေ ထပ်ခွဲထားသေးတယ်၊ မင်းတို့ ချိုင့်ဝှမ်းဒေသက ဇီဖူတန်ခိုးရှင်တွေ သုံးတဲ့ မှော်ရတနာ အများ စုက အဆင့်နိမ့်အဆင့်နဲ့ သာမန်အဆင့် မှော်ရတနာတွေ များ တယ်၊ ဒါပေမဲ့ မင်းရတနာ ခန်းမ ထဲမှာ ရွေးချယ်လို့ ရခဲ့ရင်တော့ မင်းနဲ့ အသင့်တော်ဆုံး ရတနာကို ရွေးချယ်ဖြစ်မယ်လို့ တော့ ငါယုံပါတယ်"

နင် သေချာ နားထောင်နေမိပါတယ်။

"မင်းရောက်နေတဲ့ အဆင့်က ပိုမြင့် လာလေလေ မှော်ရတနာတွေ ရနိုင်ဖို့ ပိုခက် လာလေလေပဲ၊ ပြောရရင် မြေ အင်မော်တယ် အဆင့်မှာ အင်မော်တယ် အဆင့် မှော်ရတနာကို အသုံးပြုလို့ ရပေမဲ့လည်း ဒီအင်မော်တယ် ရတနာက အင်မတန်မှ ကို ရှားပါးတယ်၊ မြေအင်မော်တယ် ဘယ်နှယောက်မှာ များ အဲ့လို မှော်ရတနာရှိမှာ လဲ။ များ သောအားဖြင့်တော့ မြေအင်မော်တယ်တွေ လွတ်မြောက် အင်မော်တယ်တွေက ကောင်းကင် ရတနာကိုပဲ သုံးကြတာ များ ပါတယ်"

"အရင်တုန်းက အင်မော်တယ် ဂျူဟွာက ဖင်းဂေါ့ကျင့်စဉ်ရဲ့ မူလတာအို တန်ခိုးရှင် အဆင့်မှာ တစ်ချိန်တန်နဲ့ နေခဲ့ဖူးတယ်၊ သူဘယ်လိုပဲ ကြိုးစားကြိုးစာ မြေအင်မော်တယ် အဆင့်ကို မတက်နိုင်ဘူး ဖြစ်နေခဲ့

တာ၊ သူ ကီကျင့်စဉ်မှာ မြေအင်မော်တယ်အဆင့်ကို ရောက်သွားပေမဲ့လ ည်း ဒီရတနာတွေကို ယူခွင့်မရှိဘူးလေ၊ ဒါကြောင့် သူ အင်မော်တယ်အ ဆင့် မှော်ရတနာကို မရရှိခဲ့ဘူး"

"အမ်"

နင် အံ့ဩသွားပါတယ်။

အမှန်ပါပဲ။

ဖင်းဂေါ့ကျင့်စဉ်မှာ အဆင့်တက်လာမှ သာ ရတနာကို ရနိုင်ပါတယ် ။ ကီကျင့်စဉ်မှာ မင်းဘယ်လောက်ပဲ အဆင့်မြင့်နေပါစေ ရတနာကို ယူ ခွင့်မရှိပါဘူး။ ဒါကြောင့် ဒီပထမဆုံး နန်းတော်ရှင်က ဖင်းဂေါ့လမ်းစဉ် ကို ဘယ်လောက် အလေးထားလည်း သိနိုင်ပါတယ်။

"နောက်တော့ အင်မော်တယ် ဂျူပွာက သူ့ရဲ့ စမ်းသပ်မှုမှာ ကျရှုံး သွားခဲ့ပြီးတော့ လွတ်မြောက် အင်မော်တယ် ဖြစ်သွားခဲ့တယ်၊ ဒါပေမဲ့ နှ စ်ပေါင်းများ စွာ ကြာမြင့်ခဲ့သလို သူလည်း ပိုပိုပြီး အစွမ်းထက်လာခဲ့တ ယ်၊ သူ စစ်နတ်ဘုရား ခန်းမရဲ့ အဆင့် ၇အထိကို ကျော်ဖြတ် အောင်မြင် သွားခဲ့တယ်၊ ဒီတော့မှ သူ့အတွက် အင်မော်တယ် အဆင့် မှော်ရတနာ တစ်ခုကို ရလာခဲ့တာ၊ နောက်တော့ ဓားတစ်ထောင် အင်မော်တယ်ကို သူအနိုင်ရခဲ့ပြီး ပစ္စည်းတွေ အများကြီး စုဆောင်းလာခဲ့နိုင်တယ်၊ ဓားတ စ်ထောင် အင်မော်တယ်ဆီကနေ ရတနာ ဓားပေါင်း ရာနဲ့ ချီ ရပြီးတဲ့ အ ခါမှာ သူက ငါ့ကို တည်ဆောက်ခဲ့တာပဲ"

ကျွဲအိုကြီးက ရှင်းပြလိုက်ပါတယ်။

နင်က စူးစမ်း မေးမြန်းလိုက်ပါတယ်။

"ဆရာကြီးက ဘယ်အဆင့် မှော်ရတနာလဲခင်ဗျာ"

"အင်မော်တယ်အဆင့် မှော်ရတနာပေါ့။ ငါက လူ၊ ကမ္ဘာ၊ ကောင်းကင် အဆင့်တွေကို ကျော်လွန်သွားခဲ့ပြီ၊ ဒါကြောင့် ငါ ခံစားမှု အသိဉာဏ်ကို ပိုင်ဆိုင်လာခဲ့တယ်၊ အင်မော်တယ် ဂျူဟွာက ငါ့ကြောင့် လျှမ်းလျှမ်းတောက် ကျော်ကြားလာခဲ့တာပေါ့"

"မင်းရဲ့ ဖင်းဂေါ့ ခန္ဓာကိုယ်က ဇင်တျန် အဆင့်ပဲ ရှိသေးတယ်၊ မှော်ရတနာတွေ ရဖို့ ဆို မင်း စစ်နတ်ဘုရားခန်းမမှာ အောင်မြင်မှ ဖြစ်မယ်"

ကျွဲအိုကြီးက ပြောလိုက်ပါတယ်။

နင်လည်း ခေါင်းညိတ်လိုက်ပါတယ်။

ဒီစစ်နတ်ဘုရားခန်းမမှာ မှော်ရတနာတွေကို ယူနိုင်တဲ့ နည်းလမ်းက နှစ်ခုရှိပါတယ်။ ပထမနည်းလမ်းကတော့ ဖင်းဂေါ့ တစ်ယောက်အနေနဲ့ အဆင့်တွေ တက်လာဖို့ ပါ။ နောက် တစ်နည်းကတော့ စစ်နတ်ဘုရား ခန်းမရဲ့ စမ်းသပ်မှုတွေကို အောင်မြင်ရင်လည်း ရပါတယ်။ စမ်းသပ်မှုတွေက အဆင့် ၁၀ဆင့် ရှိပါတယ်။

တစ်ယောက်ယောက်က ပထမနဲ့ ဒုတိယ စမ်းသပ်မှုတွေကို အောင်မြင်အောင် ကျော်ဖြတ်လိုက်နိုင်ရင် မော်တယ်အဆင့် မှော်ရတနာ တစ်ခု ဒါမှ မဟုတ် အလားတူ အဖိုးတန်တဲ့ ရတနာ တစ်ခုကို ရွေးလို့ ရလာမှာ ပါ။

တတိယနဲ့ စတုတ္ထအဆင့် စမ်းသပ်မှုတွေကို ကျော်ဖြတ်နိုင်လို့ ရှိရင် မြေကမ္ဘာအဆင့် မှော်ရတနာတစ်ခု ဒါမှ မဟုတ် အလားတူ အဖိုးတန်တဲ့ ရတနာ တစ်ခုကို ရွေးလို့ ရလာလိမ့်မယ်။

အဆင့် ငါးနဲ့ အဆင့်ခြောက်ကို ကျော်ဖြတ်နိုင်ရင် ကောင်းကင်အဆ

င့် မှော်ရတနာတစ်ခု ဒါမှ မဟုတ် အလားတူ အဖိုးတန်တဲ့ ရတနာ တစ်ခုကို ရွေးလို့ ရလာလိမ့်မယ်။

အဆင့် ၇ နဲ့ အဆင့် ၈ကို ကျော်ဖြတ်သွားနိုင်ရင်တော့ အင်မော်တယ်အဆင့် မှော်ရတနာတစ်ခု ဒါမှ မဟုတ် အလားတူ အဖိုးတန်တဲ့ ရတနာ တစ်ခုကို ရွေးလို့ ရလာလိမ့်မယ်။

အဆင့်ကိုးနဲ့ အဆင့်တစ်ဆယ်ကို အောင်မြင်သွားရင်တော့ သန့်စင်သော ယန်အဆင့် မှော်ရတနာတစ်ခု ဒါမှ မဟုတ် အလားတူ အဖိုးတန်တဲ့ ရတနာ တစ်ခုကို ရွေးလို့ ရလာလိမ့်မယ်။

ဒီရေအောက်နန်းတော်ကို ဆက်ခံတဲ့ ဖင်းဂေါ့လမ်းစဉ် ကျင့်ကြံသူတွေအတွက် ဖင်းဂေါ့အဆင့်တစ်ခု ရောက်တိုင်းမှာ စစ်နတ်ဘုရား ခန်းမကို နှစ်ကြိမ် စိန်ခေါ်ခွင့် ပေးထားတယ်။ ဥပမာ အနေနဲ့ အခု နင်က ဇင်တျန် ဖင်းဂေါ့ အဆင့်ဆိုတော့ သူ ဒီအဆင့်မှာ စစ်နတ်ဘုရား ခန်းမကို နှစ်ကြိမ် ဝင်ပြီးတော့ စမ်းသပ်မှုကို ကျော်ဖြတ်ခွင့်ရှိတယ်။ သူ ဇီဖူဖင်းဂေါ့ ဖြစ်လာရင် နောက်ထပ် ဝင်ခွင့် နှစ်ကြိမ် ထပ်ရမယ်။

ဇင်တျန်၊ ဇီဖူ၊ ဝမ်ရှင်း၊ မူလတာအို ၊ မြေကမ္ဘာ

အင်မော်တယ် မဖြစ်ခင် သူ့မှာ အင်မတန်မှ အဖိုးတန်လှတဲ့ အခွင့်အရေး ၁၀ခု ရှိနေပြီ။

"စစ်နတ်ဘုရား ခန်းမရဲ့ စမ်းသပ်မှုကို ကျော်ဖြတ်ဖို့ က အင်မတန်မှ ခက်ခဲပါတယ်၊ ဒါပေမဲ့ ဒီအခန်းထဲက ရတနာတွေကို ယူဖို့ ဒုတိယနည်းလမ်းပဲလေ။ ဘယ်လောက်ပဲ ခက်ခဲခက်ခဲ မင်းကြိုးစားသင့်တယ်"

"တကယ့်ကို ခက်ခဲတာ အမှန်ပါပဲ"

အင်မော်တယ် ဂျူဟွာတောင်မှ လွတ်မြောက်အင်မော်တယ် ဖြစ်ပြီး

လို့ နှစ်ပေါင်းများ စွာ ကြာခဲ့တာတောင်မှ စစ်နတ်ဘုရား ခန်းမရဲ့ စမ်းသပ်မှုကို အဆင့် ၇ အထိပဲ အောင်မြင်ခဲ့တယ်လေ။

ကွဲ့အိုကြီးက ဆက်ပြီးတော့ ပြောလိုက်ပါတယ်။

"မင်း Serpentwing ရေကန်မှာ ဓားသိုင်းလေ့ကျင့်တာကို ကြည့်နေခဲ့တယ်၊ ငါ မင်းကို စိတ်ဓာတ် မကျစေချင်ပေမဲ့လည်း မင်းရဲ့ အခုအဆင့်နဲ့ ပထမဆုံး စမ်းသပ်မှုကို ကျော်ဖြတ်နိုင်ဖို့ က ၁၀ရာခိုင်နှုန်းအောက်ပဲ ရှိတယ်"

"ဆယ်ရာခိုင်နှုန်းအောက်"

နင် မယုံနိုင်လောက်အောင် ဖြစ်သွားပါတယ်။

စစ်နတ်ဘုရား ခန်းမက အဆင့် ၁၀ဆင့်ပဲ ရှိပါတယ်။ ပထမဆုံး အဆင့် ၂ဆင့်မှာ ကျော်ဖြတ်နိုင်ခဲ့ရင် သူ မော်တယ်အဆင့် မှော်ရတနာတွေ ရမှာ ပါ။ သူက တောက်ပသော နှလုံးသားကျွန်းမှာ ဓားသိုင်းလေ့ကျင့်နေခဲ့တဲ့ အတွက် ကွဲ့အိုကြီးက သူ့ကို ဘယ်လောက် အစွမ်းထက်မယ်ဆိုတာ မြင်နေရတာပါ။ ဒါပေမဲ့ သူအခုသွားရင် အောင်မြင်ဖို့ က ၁၀ရာခိုင်နှုန်းအောက်ပဲရှိတယ်လို့ ပြောလိုက်တယ်...

"ရတနာ ခန်းမ၊ နတ်ဘုရား သိုင်းကျင့်စဉ်ခန်းမ၊ စစ်နတ်ဘုရား ခန်းမ၊ ကြယ်တာရာ ခန်းမ... ဒီထဲမှာ မှ ရတနာခန်းမက မင်းရဲ့ အခုလက်ရှိအဆင့်နဲ့ ဘာရတနာမှ သွားယူလို့ မရသေးဘူး၊ ပြီးတော့ နတ်ဘုရား သိုင်း ကျင့်စဉ် ခန်းမကိုလည်း မင်း မဝင်နိုင်သေးဘူး။ မင်း တခြားအခန်း နှစ်ခုကို အရင် ဝင်သွားသင့်တယ်"

ကွဲ့အိုကြီးက ပြောလိုက်ပါတယ်။

"စစ်နတ်ဘုရား ခန်းမကိုတော့ မင်း ကြိုးစားကြည့်သင့်တယ်။ မင်း

အောင်မြင်ခဲ့ရင် မှော်ရတနာ တစ်ခုကို ရွေးယူလို့ ရမှာ ပဲ။ ဒီရတနာက အခု မင်းလက်ရှိ ရှိနေတဲ့ မှော်ရတနာတွေထက် အရည်အသွေး အများကြီး ပိုကောင်းတယ်။ ဒါပေမဲ့ မင်းရှုံးနိမ့်သွားရင်တော့ မင်းမှာ စ စ်နတ်ဘုရားခန်းမရဲ့ စမ်းသပ်မှုကို ကျော်ဖြတ်ခွင့် နောက်ထပ် ၉ ကြိမ်ပဲ ကျန်တော့မယ်"

"ကြယ်တာရာ ခန်းမကတော့ တာအိုတွေ အများကြီး ရှိနေလို့ ဉာဏ် အလင်းရဖို့ အကောင်းဆုံးနေရာပဲ"

"ဘယ်နေရာကို မင်းအရင် သွားမလဲ"

ကျွဲအိုကြီးက နင်ကို ကြည့်လိုက်ပါတော့တယ်။

Chapter 2 ပြီးပါပြီ။

ဆက်ပါဦးမည်။

***